**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (074/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၇၄/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့မှ ၂၀၁၁ ခုနှစ် ဇွန်လ (၂၅) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- နိုင်ငံတော်၏ နိုင်ငံရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ကော်မတီများနှင့် ပြောဆိုရေးရာ အာဏာပိုင်အဖွဲ့ အပါအဝင် အဖွဲ့အစည်း ၂၉ ခုကို နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၁ ဖြင့် ဖျက်သိမ်းလိုက်သည်။ (EMG 200611) Read More...
- မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးမှုများပြုလုပ်ရာ၌ အိန္ဒိယခွဲထွက်ရေး သူပုန်များကို မြန်မာ့မြေအား အသုံးချခွင့် ပေးလိမ့်မည် မဟုတ်ကြောင်း မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကတိပေး ပြောဆိုလိုက်သည်။ (Irrawaddy 220611) Read More...
- ကရင်ပြည်နယ်ထဲက နယ်ခြားစောင့်တပ်ရင်း ၄ ခု တိုးတက်သော ပုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA အဖြစ် ပြန်လည် အသွင်ပြောင်းခဲ့ပြီးနောက် လက်ကျန်တပ်များကို စုစည်းကွပ်ကဲရန်အတွက် စစ်အစိုးရက တပ်နယ်မှူး ဗိုလ်မှူးကြီး စောချစ်သူကို တာဝန်ပေးရန် ကမ်းလှမ်းခဲ့သည်။ (DVB 230611) Read More...
- မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ် ၃၂ နှင့် ၃၃ လမ်းကြား၊ ၈၂ နှင့် ၈၃ လမ်းကြားတွင် စိုက်ထူထားသည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD ရုံး ဆိုင်းဘုတ်ကို ဖြုတ်ပေးရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးက ဖိအားပေးခဲ့ကြောင်း မန္တလေးတိုင်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းတန်က ပြောသည်။ (DVB 230611) Read More...
- မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ပြည်သူလူထုမှ တိုက်ရိုက်ရွေးချယ်ခြင်းမဟုတ်ပဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ရွေးချယ်တင်မြှောက်နေကြောင်း ဒေသခံများ မကျေမနပ်ဖြစ်နေကြသည်ဟု ဒေသခံပြည်သူများက ပြောသည်။ (IMNA 230611) Read More...
- မြန်မာပြည်၏ စီးပွားရေး နိမ့်ကျနေမှုကြောင့် လူအများဆင်းရဲနွမ်းပါးလျက်ရှိရာ လူထုအုံကြွမှုများ ဖြစ်ပေါ်လာပါက တိုင်းပြည် နစ်နာမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဇွန် ၂၄ ရက်နေ့တွင် သတိပေးပြောကြားလိုက်ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သူ တသီးပုဂ္ဂလ လွှတ်တော်အမတ်တဦးက ပြောသည်။ (Irrawaddy 240611) Read More..., Mizzima..., BBC...
- ကချင်ပြည်နယ်အတွင်း ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် စစ်အစိုးရ တပ်မတော်အကြား တိုက်ပွဲများကို မြစ်ကြီးနား အမတ် ဦးသိန်းဇော် ကြားဝင်ဆောင်ရွက်ပေးမှုဖြင့် ပုံမှန်အခြေအနေကို ပြန်ရောက်နေပြီဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ပြောကြားလိုက်သည်။ (DVB 240611) Read More...

- ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် တိုးစံပြကျေးရွာအုပ်စုအပိုင် ဆားကျင်းကျေးရွာသားများကို တိုးစံပြကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသက်ဝေနှင့် ဆားကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွေး (ခေါ်) ဦးနှုတ်ခမ်းမွေးတို့က အခကြေးငွေမပေးပဲ အတင်းအဓမ္မ ခိုင်းစေမှုကြောင့် ရွာသားများအလုပ်ပျက်၍ အခက်ကြုံနေရကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (DVB 240611) Read More...
- ယခုလ ၁၈ ရက် ည ၉ နာရီခန့်က သျှမ်းပြည် (မြောက်ပိုင်း) မူစယ်မြို့ရှိ အရာရှိတည်းခိုရိပ်သာတွင် ဗုံးပေါက်ကွဲအပြီး မူစယ်ခရိုင်အတွင်းရှိ ကချင်ကျေးရွာနှင့်ရပ်ကွက်များအား ဇွန် ၁၉ ရက်နေ့မှစ၍ ဒေသခံအာဏာပိုင်များက အဓိက ဧည့်စာရင်း စစ်ဆေးမှုပိုလုပ်လာကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 240611) Read More...

## ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်

- ရန်ကုန်တွင် လာရောက် ပညာသင်ကြားနေသော ကချင်ကျောင်းသား ၁၉ ဦးကို နေရပ်ရင်းသို့ပြန်ရန် အာဏာပိုင်များမှ ဖိအားပေးမှုကို ဒေါ်ဘောက်ဂျာက ပြည်ပအခြေစိုက် မီဒီယာများသို့ ပြောကြားမှုတွင် အမျိုးသားဒီမိုကရေစီအင်အားစု ပါတီပါပျက်သွားနိုင်သည်ဟု ရွေးကောက်ပွဲ ကော်မရှင်က ခြိမ်းခြောက်လိုက်သည်။ (Mizzima 210611) Read More...

## တပ်မတော်၏လုပ်ဆောင်ချက်များ

- မြန်မာစစ်တပ်က သျှမ်းပြည်တပ်မတပ်မတော် SSPP/ SSA မှ ၁၀ ကြိမ်ထက်မနည်း ခြုံခိုတိုက်ခိုက်ရာမှာ တပ်ကြပ်ကြီး အပါအဝင် မြန်မာစစ်သည် အများအပြားသေဆုံးသွားပြီးနောက် မြန်မာစစ်တပ်နှင့် ပြည်သူစစ်တပ်ဖွဲ့များက ဒေသခံများ၏ ကြက်၊ ဝက်များကို ယူငင်စားသုံးခြင်းများပြုလုပ်နေသည်ဟု သျှမ်းတပ်အရာရှိတစ်ဦးက ပြော သည်။ (S.H.A.N 200611) Read More...
- မွန်ပြည်နယ် မော်လမြိုင်မြို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ်အနီး ရွှေနတ်တောင်ကွင်းတွင် စစ်ကားများနှင့်အတူ တပ်အင် ၅၀၀ ခန့် လက်နက်ကြီး လက်နက်ငယ်များပြင်ဆင်ထားပြီး ကရင်ပြည်နယ်ဘက်လည်း ဖြစ်ချင်ဖြစ်မယ်၊ မွန်ပြည် နယ်ဘက်ဖြစ်ချင်ဖြစ်မယ်ဟု မွန်ပြည်သစ်ပါတီ စစ်ဘက် တာဝန်ရှိသူတစ်ဦးက ပြောသည်။ (IMNA 200611) Read More...
- တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ်အတွင်းရှိ ပြည်ချာစစ်လေ့ကျင့်ရေးသင်တန်းကျောင်းတွင် မြို့ပြတိုက်ပွဲ အနီးကပ် ချေမှုန်းရေးအတွက် စစ်အစိုးရတပ်က အရာခံ ၂၅ ဦးနှင့် ဒု-အရာခံဗိုလ် ၇၀ ဦးကို ဇွန်လ ၂၅ ရက်နေ့မှ ဩဂုတ်လ ၃၀ ရက်နေ့အထိ စစ်သင်တန်းတစ်ခု ပို့ချပေးသွားရန်ရှိသည်ဟု စစ်တပ်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (KIC 200611) Read More...
- မြို့တွင်း တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်း ထိုင်း-မြန်မာနယ်စပ် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့တွင် ဇွန် ၂၀ ရက်နေ့မှစ၍ အာဏာပိုင်အဖွဲ့အစည်းတို့က စစ်ဆေးရေးတင်းကြပ်ပြုလုပ်နေကြကြောင်း မြို့ခံများက ပြောသည်။ (IMNA 210611) Read More...
- မြန်မာစစ်တပ်နှင့် KIA တပ်ကြားတိုက်ပွဲများကြောင့်ရထားလမ်း လုံခြုံရေးတာဝန်ယူရန် ကချင်ပြည်နယ်မြစ်ကြီးနားမြို့ နေထိုင်သူများအား သက်ဆိုင်ရာအာဏာပိုင်များက ညွှန်ကြားထားကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (KNG 210611) Read More...
- ထိုးစစ်ဆင် တိုက်ခိုက်လာသည့် မြန်မာစစ်တပ်အား ပျောက်ကျားနည်းဖြင့် ၃ လကြာ ခုခံတိုက်ခိုက်နေသော သျှမ်းပြည် တိုးတက်ရေးပါတီ/သျှမ်းပြည် တပ်မတော် (SSPP/SSA) ၏ ဝမ့်ဟိုင်းဌာနချုပ်အား စီးနင်းသိမ်းပိုက်နိုင်ရန် ဓာတုလက်နက်သုံးသင့်လျှင် သုံးရမည်ဟု နေပြည်တော်စစ်ရုံးချုပ်မှ ညွှန်ကြားထားကြောင်း စစ်ရုံးချုပ်အတွင်းပိုင်းနှင့်နီးစပ်သည့် အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 210611) Read More..., DVB...
- တိုက်ပွဲဖြစ်ပွားနေသော ကချင်ပြည်နယ်တွင် အစိုးရစစ်တပ်က အမျိုးသမီးများကို မတရားပြုကျင့်နေကြောင်း ထိုင်းနိုင်ငံ အခြေစိုက် ကချင် အမျိုးသမီး အစည်းအရုံး - ထိုင်းနိုင်ငံ (KWAT) အဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ (Irrawaddy 220611) Read More...
- ကရင်အမျိုးသား အစည်းအရုံး KNU နှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် DKBA တို့ ပူးပေါင်းတပ်များ တည်ရှိရာသို့ အစိုးရတပ်မှ စစ်ကြောင်းများ ထိုးစစ်ဆင်နိုင်ဖွယ်ရှိသည်ဟု DKBA ကလို့ထူးဘော ဗျူဟာမှူး ဗိုလ်မှူးကျော်သက်က ပြောသည်။ (Mizzima 220611) Read More...
- ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အဇင်းကျေးရွာရှိ အစိုးရစစ်တပ်သည် ကရင်တပ်ဖွဲ့များ ဖမ်းဆီးထားသည့် စစ်ဗိုလ်တဦးအား ပြန်လွှတ်ပေးရန်အတွက် ဓါးစာခံအဖြစ် ယခုအချိန်တွင် အဇင်းရွာသား ၁၀၀ ကျော်ကို ဖမ်းဆီးချုပ်နှောင်ထားကြောင်း ဒေသခံများက ပြောသည်။ (KIC 230611) Read More...

- ကရင်ပြည်နယ်၊ ကရင်အမျိုးသားအစည်းအရုံး-KNU ထိန်းချုပ်နယ်မြေ ဖာပွန်ခရိုင် ဘူးသိုမြို့နယ်အတွင်းရှိ မြန်မာစစ်တပ်၏ တပ်ရိက္ခာ အဓမ္မထမ်းခိုင်းခြင်းကြောင့် ဒေသခံလူထု၏ တောင်ယာခင်း ၃ဝ ကျော်သည် မလုပ်ကိုင်ရဘဲ ပျက်စီးခဲ့ရသည်ဟု KNU ဖာပွန်ခရိုင် ဥက္ကဋ္ဌ ပဒိုစောထဲဒယ်က ပြောသည်။ (KIC 240611) Read More...
- သျှမ်းပြည်တပ်မတော်မှ ကျပ်သန်း (၁) ထောင်ကျော်ကုန်ကျ၍ လူထုအတွက် ၂ဝဝ၈ ခုနှစ်နှစ်က တည်ဆောက်ခဲ့သည့် ဆောင်တံတားအား ဇွန် ၂၃ ရက်နေ့က မိုင်းနောင် ဝိန်းကောဝ် အခြေစိုက် ခလရ ၂၈၆ ဒု တပ်ရင်းမှူး ဗိုလ်မှူးလှိုင်မြင့် ဦးဆောင်သည့် စစ်ကြောင်းက မီးရှို့ဖျက်ဆီးလိုက်ကြောင်း သျှမ်းတပ်နှင့် နီးစပ်သူတဦးက ပြောသည်။ (S.H.A.N 240611) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- မြန်မာ့ ဒီမိုကရေစီခေါင်းဆောင်၊ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်ပြည့် မွေးနေ့ပွဲ အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ ဌာနချုပ်တွင် ကျင်းပခဲ့ရာ ရန်ကုန်အခြေစိုက် အမေရိကန်အပါအဝင် ဗြိတိန်သံအမတ်နှင့် သံရုံးအရာရှိများ တက်ရောက်ခဲ့ကြသကဲ့သို့ ဝါရင့် နိုင်ငံရေးသမားကြီးများ၊ NLD ပါတီ ခေါင်းဆောင်များ၊ CRPP အဖွဲ့ဝင် တိုင်းရင်းသား ခေါင်းဆောင်များ၊ ပြည်နယ်နှင့်တိုင်း အသီးသီးက ပါတီဝင်များနှင့် ဧည့်ပရိသတ် စုစုပေါင်း ၁ ထောင် ခန့် တက်ရောက်ခဲ့ကြသည်။ (RFA 190611) Read More...
- ယနေ့ ဇွန် ၁၉ ရက်တွင် ကျရောက်သည့် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်ပြည့် မွေးနေ့တွင် မွေးနေ့ဆုတောင်းအဖြစ် အလိုချင်ဆုံးမှာ မြန်မာပြည် ငြိမ်းချမ်းရေးကိုသာ လိုချင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (RFA 190611) Read More...
- ဒီမိုကရေစီကို တကယ် လိုလားသည့်သူများ၊ နိုင်ငံရေးသမားများအနေဖြင့် ရိုးရိုးကျင့်မြင့်မြင့်ကြံရန် မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူမ၏ ၆၆ နှစ်ပြည့်မွေးနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။ (DVB 190611) Read More...
- ပြည်တွင်းစစ်မီး တောက်လောင်နေသည့် ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သက်ဆိုင်သူအားလုံး ပါဝင်ဆွေးနွေးပြီး ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ဇွန် ၂ဝ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်တိုက်တွန်းလိုက်သည်။ (RFA 200611) Read More...
- တိုင်းပြည်တွင် စစ်မီးများ ပြန်လည်ပွားနေသည့် အနေအထား ရှိသည့်အတွက် ယခုအချိန်မှာ ငြိမ်းချမ်းရေးသာ အရေးအကြီးဆုံးဖြစ်ကြောင်း ဇွန် ၁၉ ရက်နေ့က ကျရောက်သည့် ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်မြောက် မွေးနေ့တွင် ပြောဆိုလိုက်သည်ဟု NLD လူငယ်ခေါင်းဆောင် ကိုမျိုးညွန့်က ပြောသည်။ (Mizzima 200611) Read More...
- တောင်ကုတ်တွင်ပြုလုပ်သော ဒေါ်အောင်ဆန်းစုကြည် (၆၆) နှစ်မြောက်မွေးနေ့တွင် နိုင်ငံတော် သမ္မတအား ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် အဓိကအချက် ၄ ချက်မှာ နိုင်ငံရေး အကျဉ်းသားများကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊ နိုင်ငံတကာသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား အတိုက်အခံများနှင့် ဒုက္ခသည်များ နေရပ်ရင်းသို့ လုံခြုံစိတ်ချစွာ ပြန်လာခွင့်ရရှိစေရန်၊ ပြည်တွင်း စစ်ရပ်စဲရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်၊ နိုင်ငံရေး ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းရန်တောင်းဆိုလိုက်သည်ဟု အဖွဲ့ချုပ် လူငယ်တစ်ဦးက ပြောသည်။ (Narinjara 200611) Read More...
- ဒေါ်အောင်ဆန်းစုကြည်က ဘီဘီစီကမ္ဘာ့သတင်း အယ်ဒီတာ ဂျွန်ဆင်ပဆင်နှင့် မေးမြန်းခန်းတွင် "တရုတ်ရှားနှင့် အီဂျစ် လူထုလှုပ်ရှားမှုနှင့်ပတ်သက်၍ စစ်တပ်က ပစ်သတ်မှုမျိုးမရှိပဲ မြန်မာနိုင်ငံ လူထုလှုပ်ရှားမှုနှင့်ပတ်သက်၍ စစ်တပ်က လူထုကို ပစ်သတ်သောကြောင့် လူထုက မလုံခြုံမှုကို ခံစားနေရကာ ထိတ်လန့်စိုးရွံ့ ကြောက်လန်နေသည်"ဟု ပြောဆိုလိုက်သည်။ (BBC 210611) Read More...
- မြန်မာနိုင်ငံကို ရောက်ရှိနေသည် အီးယူဥရောပသမဂ္ဂ၏ ဒု ဥက္ကဋ္ဌလည်းဖြစ်ပြီး နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာ အကြီးအကဲ၏ အထူးအကြံပေး ပုဂ္ဂိုလ်လည်းဖြစ်သည့် မစ္စတာ ရောဘတ် ကူးပါး (Robert Cooper) ဦးဆောင်တဲ့အဖွဲ့နှင့် တွေ့ဆုံမှုကို ရင်းနှီးပွင့်လင်းမှုရှိသော တွေ့ဆုံဆွေးနွေးမှုအဖြစ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ (DVB 220611) Read More...
- မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသည့် အခြေအနေများကို စုံစမ်းစစ်ဆေးနိုင်မည့် ကော်မရှင်တရပ် ကုလသမဂ္ဂက ဖွဲ့စည်းပြီးတာဝန်ပေး အပ်နိုင်ရေးအတွက် အမေရိကန် ပြည်ထောင်စုက အားပေးထောက်ခံရန် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပြောကြားလိုက်သည်။ (VOA 220611) Read More...

- ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်မည့် ၆၄ နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD က ခမ်းခမ်းနားနားကျင်းပရန် စီစဉ်ထားကြောင်း NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 240611) Read More...
- မြန်မာနိုင်ငံ ပုံးပေါက်ကွဲမှုများ မငြိမ်မသတက်ဖြစ်နေသည့် အခြေအနေများကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ နယ်လှည့်ခရီးစဉ်နှင့် လုံခြုံရေးကိစ္စနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ကျေနပ်လောက်အောင် သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းပြီးမှ သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ (BBC 250611) Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- အစိုးရတပ်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ရှမ်းပြည်တပ်မတော် (SSA)၊ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(KIO) တို့အကြား တိုက်ပွဲများဖြစ်ပွားနေသည့်အတွက် ပြည်သူလူထု အမြောက်အမြား ထိခိုက်သေကြေဒဏ်ရာရရှိမှုအပေါ် စိုးရိမ်ပူပန်ကြောင်း 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP က ဇွန် ၁၆ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (DVB 190611) Read More...
- ကချင်ပြည်နယ်အတွင်း အစိုးရတပ်များနှင့် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) တို့ ထိတွေ့ရင်ဆိုင်ထားသည့် နယ်မြေများတွင် တိုက်ပွဲငယ်များ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး မြစ်ကြီးနား-ဗန်းမော် ကားလမ်းပေါ်ရှိ နန်ဆန်ယန် ကျေးရွာ အခြေစိုက် စစ်ဘက်ဆိုင်ရာ လုံခြုံရေး (စရဖ) ရုံးကို ဇွန် ၁၉ ရက်နေ့ နံနက်က ပုံးခွဲတိုက်ခိုက်ခဲ့သော်လည်း အသေအပျောက်မရှိကြောင်း KIA တွဲဖက်အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 200611) Read More...
- မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်မြောက် မွေးနေ့ပွဲကို တရုတ်-မြန်မာ နယ်စပ် လိုင်ဇာမြို့ရှိ ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ဌာနချုပ် ရုံးတခုတွင် ဇွန် ၁၉ ရက်နေ့က ကျင်းပခဲ့ရာ ယင်းအခမ်းအနားသို့ KIA ထိပ်ပိုင်း ခေါင်းဆောင်များ အစုံအလင်တက်ရောက်ခဲ့သည့်အတွက် ခါတိုင်းနှစ်များထက် ထူးခြားသည်ဟု တရုတ်-မြန်မာနယ်စပ် အခြေစိုက် စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောက ပြေသည်။ (RFA 200611) Read More...
- အစိုးရဘက်မှ ထိုးစစ်ဆင်မှုများကို ရပ်ဆိုင်းပြီး၊ ထိုးစစ်ဆင်မှု ရပ်သိမ်းကြောင်း သက်သေအထောက်အထားပြသရန် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO က အာဏာရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အထွေထွေ အတွင်းရေးမှူး ဦးသိန်းဇော်ကို ဇွန် ၁၉ ရက်နေ့က စာဖြင့်ပေးပို့ တောင်းဆိုလိုက်သည်ဟု KIO ဗဟိုကော်မတီဝင် ဦးလနန်က ပြောသည်။ (Mizzima 200611) Read More...
- ကရင်ပြည်နယ် ကော့ကရိတ်မြို့မှ ၅ မိုင်အကွာရှိ အစိုးရတပ် ခလရ ၂၃၀ ၏ ရေတံခွန်လေးစစ်စခန်းကို တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA နှင့် ကရင်အမျိုးသားအစည်းအရုံး KNU တပ်ဖွဲ့ ပူးပေါင်းတပ်များက ဇွန် ၂၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ဝင်ရောက်ပစ်ခတ်သဖြင့် အစိုးရတပ်ဖက်မှ (၁) ဦးကျဆုံးပြီး (၁) ဦးဒဏ်ရာရရှိခဲ့သည်ဟု DKBA တပ်မှူးတစ်ဦးဖြစ်သူ ဗိုလ်မှူးကျော်သက်က ပြောသည်။ (BBC 200611) Read More...
- တိုက်ပွဲများဖြစ်နေသော ကချင်ပြည်နယ် လွယ်ဂျယ်နှင့်မိုးမောက်မြို့အကြားရှိ တံတားနှင့်လမ်းများကို ဇွန် ၁၉ ရက်နေ့ညက မိုင်း ၄ လုံးနှင့်ထပ်မံ အခွဲခံခဲ့ရသဖြင့် လမ်းကြောင်းများ လုံးဝပြတ်တောက်သွားပြီး ယာဉ်များဖြတ်သန်းမရတော့ဟု လွယ်ဂျယ် ဒေသခံ တစ်ဦးက ပြောသည်။ (DVB 200611) Read More...
- ကရင်ပြည်နယ်၊ မြဝတီ-ကော့ကရိတ် တောင်ပေါ်ကားလမ်းတွင် မြန်မာအစိုးရတပ် စစ်ကွပ်ကဲရေးဌာနချုပ်-စကခ (၁၂) လက်အောက်ခံ ခလရ (၂၇၅) တပ် ရင်းအားနှင့် ဗိုလ်မှူးကျော်သက် ဦးဆောင်သည့် ကရင်ပူးပေါင်း တပ်ဖွဲ့ဝင်များအကြား ဇွန် ၂၀ နေ့ တိုက်ပွဲဖြစ်ပွားခဲ့ရာ အရပ်သား ၁ ဦး သေဆုံးသွားခဲ့သည်ဟု မြဝတီမြို့ခံများက ပြောသည်။ (KIC 200611) Read More...
- လက်ရှိ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများနှင့်ပတ်သက်၍ အစိုးရဘက်က ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းချက်အမျိုးမျိုးရရှိခဲ့သော်လည်း KIO က ငြိမ်းချမ်းရေး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခိုင်မာသည့်အထောက်အထားများ မြင်တွေ့ရမှသာ စကားပြောဆို ဆွေးနွေးမည်ဖြစ်ကြောင်း KIA ဒုတိယ ကာကွယ်ရေး ဦးစီး ဗိုလ်မှူးချုပ် ဂွမ်မော်က ပြောသည်။ (RFA 210611) Read More...
- မြန်မာနိုင်ငံအထက်ပိုင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ဒေသများတွင် အစိုးရတပ်တို့၏ ထိုးစစ်ဆင်နေမှုအပေါ် ဒေသခံ တိုင်းရင်းသားပြည်သူများသာ အတိဒုက္ခနှင့် ပိုမိုရင်ဆိုင်ကြုံတွေ့နေရသည်ဟု ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ (UNFC) အထွေအထွေအတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။ (IMNA 210611) Read More...

- ကချင်လွတ်လပ်ရေး တပ်မတော် (KIA) နှင့် အစိုးရစစ်တပ်များအကြားရှိ နယ်စပ်တိုက်ပွဲများ လျော့နည်းသွားသော်လည်း ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့ပေါ်တွင် ဗုံးများဖောက်ခွဲခြင်းဖြင့် KIA က မြို့ပြတိုက်ပွဲအဖြစ် ပြန်လည်စတင်လိုက်ကြောင်း KIA တွဲဖက် အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 220611) Read More...
- ကေအိုင်အို ခွဲထွက် ခေါင်းဆောင်တဦးဖြစ်သည့် ဗိုလ်မှူးကြီး လဆန်အောင်ဂါကို မြစ်ကြီးနား နေအိမ်တွင် အကျယ်ချုပ်ချထားတယ်ဆိုသော ကောလဟာလ သတင်းများ မမှန်ကြောင်း ဗိုလ်မှူးကြီး လဆန်အောင်ဂါ၏ မြစ်ကြီးနား ဆက်ဆံရေးရုံး တာဝန်ခံက ဇွန် ၂၂ ရက်နေ့က ငြင်းဆိုလိုက်သည်။ (RFA 220611) Read More...
- သျှမ်းပြည်တပ်မတော် SSPP/SSA ၏ ကျေးသီးမြို့နယ်ရှိ တပ်စခန်းတခုအား မြန်မာစစ်တပ် အင်အား ၃-၄ ရင်းပူးပေါင်း၍ ဇွန် ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ထိုးစစ် ဆင်တိုက်ခိုက်ရာ ဇွန် ၂၂ ရက်နေ့ နံနက်ပိုင်းအထိစခန်းအပြင်ဖက်၌ အပြန်အလှန် ဝန်းရံထားကြကြောင်းဝမ့်ဟိုင်း ဌာနချုပ်မှ သျှမ်းပြည်တပ်မတော် SSPP/SSA အရာရှိတဦးက ပြောသည်။ (S.H.A.N 220611) Read More...
- မြန်မာ အစိုးရ စစ်တပ်ကို ပြန်လည် ခုခံတိုက်ခိုက်နေသည့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်း၏ ဌာနချုပ်ဝမ့်ဟိုင်း ဒေသပတ်ပတ်လည်ကို မြန်မာအစိုးရ စစ်တပ်က ယခုအပတ်ထဲတွင် စစ်အင်အားရာနှင့်ချီပြီး ထပ်မံပို့ဆောင်ရာမှ သျှမ်းပြည်တပ်မတော် တောင်းပိုင်း SSA နှင့် ပထမဆုံး ကြီးမားသည့် တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့ကြောင်း SSA အရာရှိတစ်ဦးက ပြောသည်။ (BBC 230611) Read More..., DVB..., VOA...
- ကချင်ပြည်နယ်တွင် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်နှင့် စစ်အစိုးရတပ်အကြား တိုက်ပွဲများ ခေတ္တရပ်နားနေရာမှ ဇွန် ၂၂ နှင့် ၂၃ ရက်နေ့တွင် တိုက်ပွဲများဆိုက်တိုက် ပြန်လည်ဖြစ်ပွားခဲ့ကြောင်း KIO ပြောခွင့်ရ ပုဂ္ဂိုလ် ဦးလာနန်းက ပြောသည်။ (RFA 230611) Read More..., DVB..., VOA...
- ဇွန် ၂၃ ရက်နေ့က ကချင်ပြည်နယ်မြောက်ပိုင်း ပူတာအိုခရိုင် ကချင်လွတ်လပ်ရေးတပ်ဖွဲ့ (KIA) ရှိရာသို့ ဆွမ်ပရာဘွမ်လမ်းမှ ဦးတည်လာသည့် မြန်မာအစိုးရတပ်သည် KIA ဗုံးကြောင့် ၁ ဦးကျ၍ ၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဗဟိုကော်မတီဝင် တွဲဖက်အတွင်းရေးမှူး ဦးလနန်ပြောသည်။ (KNG 230611) Read More...
- မြန်မာစစ်အစိုးရတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့အကြား ဇွန် ၂၃ ရက်နေ့က မန်မော်ခရိုင် မန်ဂျေ (မံစီ) မြို့နယ် တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်အစိုးရတပ်ဖက်မှ ၃ ဦး ကျဆုံးခဲ့က KIA ဖက်မှထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း KIA တပ်ရင်း ၁၂ မှ အရာရှိတစ်ဦးက ပြောသည်။ (KNG 240611) Read More...
- မွန်ပြည်နယ်၊ ပေါင်မြို့နယ် ရွှေအေးမြိုင်ကျေးရွာမှ ဦးလှစိန်သည် ဇွန်လ ၂၃ ရက်နေ့က တောင်ယာသွားရင်း နင်းမိသည့်မိုင်းသည် KNU မှ ထောင်ထားခြင်းဖြစ်ကြောင်း အစိုးရသတင်းစာ၏ စွပ်စွဲဖော်ပြမှုများသည် အခြေအမြစ်မရှိကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) က တုန့်ပြန် ပြောဆိုလိုက်သည်။ (KIC 250611) Read More...

## ပြည်ပအင်အားစုများ

- မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားဒေသများကို ထိုးစစ်ဆင်နေသည့် မြန်မာအစိုးရတပ်များကို ရိုက်ချိုးနိုင်ဖို့ တိုင်းရင်းသားများ အားလုံး စုစည်းညီညွတ်မှု၊ အပြန်အလှန် ကူညီပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိကြရန် မြန်မာနိုင်ငံ ကျောင်းသားလူငယ်များ ကွန်ဂရက်-SYCB က ဇွန် ၂၀ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (KIC 210611) Read More...
- ရုရှ-မြန်မာ နှစ်နိုင်ငံကြား ဆက်ဆံရေးသည် စစ်ရေးက အများဆုံးဖြစ်ပြီး၊ သံတမန်ရေးနှင့် စီးပွားရေးတို့က နောက်တွင်ရှိနေကြောင်း မြန်မာ့နိုင်ငံရေးနှင့် စစ်ရေးကျွမ်းကျင်သူ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု NDD မှ သုတေသီ ဦးဌေးအောင်က ပြောသည်။ (BBC 230611) Read More...
- မြန်မာအစိုးရက တိုင်းရင်းသားလူမျိုးစု အဖွဲ့များအပေါ် ထိုးစစ်ဆင် တိုက်ခိုက်နေရာတွင် လူ့အခွင့်အရေး ချိုးဖေါက်မှုများ ကျူးလွန်နေခြင်းကို အရေးယူပေးရန် နယ်သာလင်နိုင်ငံက မြန်မာဒီမိုကရေစီအင်အားစု BDC အဖွဲ့၊ အမျိုးသားဒီမိုကရေစီ-လွတ်မြောက်နယ်မြေ -နယ်သာလင်ဌာနခွဲတို့ ဦးစီးမှုဖြင့် မြန်မာ တိုင်းရင်းသားပေါင်းစုံ ပါဝင်ကာ The Hague မြို့ရှိ ICC နိုင်ငံတကာ ရာဇဝတ်တရားရုံးရှေ့တွင် ဇွန် ၂၄ ရက်နေ့က ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ (RFA 240611) Read More...
- မြန်မာ့အရေးနှင့်ပတ်သက်၍ အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးပေါ်လစီသည် အားနည်းနေသေးကြောင်း ပြည်ပအခြေစိုက် ဒီမိုကရေစီအင်အားစုများက ပြောဆိုလိုက်ကြသည်။ (DVB 240611) Read More...
- မြန်မာအစိုးရသစ်မှ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA) အား တိုက်ခိုက်ခြင်းပေါ် ဆန့်ကျင်ဆန္ဒပြခြင်းကို ဇွန် ၂၄ ရက်နေ့က မလေးရှားမြို့တော် ကွာလာလမ်ပူ မြန်မာသံရုံးရှေ့တွင် ကချင်အမျိုးသားများ ပြုလုပ်ခဲ့သည်။ (KNG 240611) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- မြန်မာနိုင်ငံတွင် ၂၀၀၈ အခြေခံ ဥပဒေကို မဖျက်သိမ်းသရွေ့ ဥပဒေစိုးမိုးရေး မဖြစ်နိုင်ကြောင်း ဥပဒေ ပညာရှင်တဦးဖြစ်သည့် ပြည်ပအခြေစိုက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီက ရှေ့နေ ဦးအောင်ထူးက သုံးသပ်ပြောဆိုလိုက်သည်။ (BBC 250611) Read More...

## နိုင်ငံရေးအဖွဲ့အစည်းများ

### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ နောက် မကွေးတိုင်း အချို့မြို့နယ်များတွင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ ခန့်ထားရာ၌ မြို့နယ် အာဏာပိုင်များက ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီဝင်များအား တိုက်ရိုက်ခန့်အပ်မှုများ ပြုလုပ်နေကြောင်း တိုင်းရင်းသား စည်းလုံးညီညွတ် ရေးပါတီမှ ပြောခွင့်ရ ဦးဟန်ရွှေကပြောသည်။ (Mizzima 240611) Read More...

### အခြားပါတီများ

- ပြိုင်ဖက် ကြံ့ဖွံ့ပါတီ USDP အမတ်လောင်းက မဲမသမာမှုနှင့် အနိုင်ယူခဲ့သည်ဆိုသည့် တရားစွဲဆိုမှုကို နေပြည်တော် တရားရုံး ဆုံးဖြတ်ချက်အရ ၄င်းဘက်မှ ရှုံးနိမ့်ခဲ့ရမှုအပေါ် ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါ်ချိုချိုကျော်မြင့်က လက်မခံနိုင်ကြောင်းနှင့် ခိုင်လုံသည့်သက်သေများမှ ထွက်ဆိုခဲ့သော်လည်း အနိုင်ရပါတီဘက်သို့ တဖက်သတ်အနိုင်ပေးခဲ့ခြင်းဖြစ် ကြောင်း ပြောဆိုလိုက်သည်။ (RFA 200611) Read More...
- ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားနေသည့် အစိုးရတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်များ အကြား တိုက်ပွဲများနှင့်ပတ်သက်ပြီး ဒီမိုကရေစီမိတ်ဆွေများပါတီ ၁၁ ပါတီက ဇွန် ၂၀ ရက်နေ့တွင် အစည်းအဝေး တရပ်ပြုလုပ်ခဲ့ ကာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရမှဦးဆောင်ကာ ပြည်ထောင်စု ညီလာခံတရပ်ခေါ်ရန် ကြေညာချက်ထုတ်ပြန် တောင်းဆို လိုက်သည်။ (BBC 200611) Read More...
- ပြိုင်ဘက် ကြံ့ခိုင်ဖွံ့ဖြိုးရေးအမတ်ကို ကော်မရှင်က အနိုင်ပေးလိုက်ပြီးနောက် မဲမသမာမှုများနှင့်ပတ်သတ်၍ ရွေးကောက်ပွဲ ဥပဒေ များတွင် ရင်လေးဖွယ် ဖြစ်နေသည် ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာ) တွဲဖက်အတွင်းရေးမှူး ဒေါ်ချိုချိုကျော်မြင့်က ဇွန် ၂၄ ရက်နေ့ တွင် ပြောဆိုလိုက်သည်။ (Mizzima 240611) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- ကရင်ပြည်နယ် ဘုရားသုံးဆူမြို့တွင် တိုက်ပွဲများမပေါ်ပေါက်စေရေး ကူညီဆောင်ရွက်ပေးရန် ဒေသခံများက ကရင်အမျိုးသား အစည်းအရုံး (KNU) ကို ဇွန် ၁၉ ရက်နေ့က သွားရောက်တောင်းဆိုကြပြီး ဘုရားသုံးဆူမှ ကျောင်းထိုင် ဆရာတော် ၂ ပါး အပါ အဝင် ဒေသခံကရင်တိုင်းရင်းသား ခေါင်းဆောင်များနှင့် KNU တပ်မဟာ ၆ တာဝန်ရှိသူများ၏ ဆွေးနွေးမှုမှာ ကျေနပ်ဖွယ် ကောင်း သည်ဟု ဆွေးနွေးပွဲတက်ရောက်ခဲ့သူ ကိုအေးကိုက ပြောသည်။ (Irrawaddy 200611) Read More...
- ကချင်ပြည်နယ်အတွင်း အစိုးရနှင့် ကချင် ပြည်လွတ်မြောက်ရေးအဖွဲ့ KIO လက်အောက်ခံ တပ်ဖွဲ့များကြား တိုက်ပွဲဖြစ်ပွား မှုကြောင့် သွားရာလမ်းကြောင်းများအား ပိတ်ပင်ထားသည့်အတွက် ကုန်သည်များသာမက မြို့ပေါ်ရှိ လက်လုပ်လက်စားသမား များ အခက်အခဲဖြစ်ကြရသည်ဟု ဗန်းမော်မြို့မှ ကုန်သည်တစ်ဦးက ပြောသည်။ (NMG 200611) Read More...
- ကချင်ပြည်နယ်တွင် အစိုးရတပ်နှင့် ကချင်တိုက်ပွဲများကြောင့် KIO ဗဟိုဌာန လိုင်ဇာသို့ စစ်ဘေးပုန်းရှောင်လာသူ ဒုက္ခသည် ၁၃၀၀၀ ကျော် ရှိပြီဖြစ်သောကြောင့် ဒုက္ခသည်များအတွက် စားရိက္ခာနှင့် အမိုအကာများ အဓိကလိုအပ်နေသည်ဟု KIO က ပြောသည်။ (Mizzima 230611) Read More...

## မီဒီယာအခန်းကဏ္ဍ

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်သည့် ဆောင်းပါး၊ ရွှေဂါရောင် တော်လှန်ရေးကာလ ဓာတ်ပုံ များ ပါဝင်သော ထိုင်းနိုင်ငံ အခြေစိုက် Bangkok Post နေ့စဉ် သတင်းစာ၏ ဇွန် ၁၉ ရက်နေ့ထုတ် အပတ်စဉ်အချပ်ပိုကို ရန်ကုန်မြို့

တွင် ဖြန့်ချိခွင့်မရခဲ့ကြောင်း Bangkok Post ကိုယ်စားလှယ် ဦးမျိုးအောင်က ပြောသည်။ (Irrawaddy 200611) Read More..., DVB...

- အစိုးရသစ်လက်ထက် မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် လာရောက်သည့် အီးယူဥရောပသမဂ္ဂ ကိုယ်စားလှယ်များက ဇွန် ၂၂ ရက်နေ့ ညနေပိုင်းတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြည်တွင်းပြည်ပမီဒီယာအများစု တက်ရောက်သတင်းယူခွင့်မရခဲ့ကြောင်း ရန်ကုန်အခြေစိုက် နိုင်ငံခြားသတင်းထောက်တဦးက ပြောသည်။ (DVB 220611) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- EU ဥရောပသမဂ္ဂ နိုင်ငံခြားရေး မူဝါဒရေးရာ အကြီးအကဲ ကက်သရင်း အက်ရှ်တန် (Catherine Ashton) ၏ အထူးအကြံပေး ပုဂ္ဂိုလ် ရောဘတ် ကူးပါး (Robert Cooper) နှင့် မြန်မာနိုင်ငံဆိုင်ရာ EU အထူးကိုယ်စားလှယ် ပီယာရို ဖက်ဆီနီ (Piero Fassino) တို့သည် ဇွန် ၂၀ ရက်နေ့တွင် အစိုးရသစ်တက်ပြီး ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်သို့ ရောက်ရှိလာသည့် ခရီးစဉ်သည် အစိုးရသစ်၏ သဘောထားများကို တီးခေါက်နားလည်သိရှိနိုင်ရန်ဖြစ်သည်ဟု EU သံတမန် သတင်းရပ်ကွက်က ပြောသည်။ (VOA 200611) ReadMore...
- ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် EU ဥရောပ သမဂ္ဂ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဇွန် ၂၁ ရက်နေ့ ညနေ ၆ နာရီတွင် တွေ့ဆုံခဲ့ပြီးနောက် NLD ဗဟို အလုပ်အမှုဆောင် ကော်မတီ အပါအဝင် CRPP ပြည်သူ့ လွှတ်တော် ကိုယ်စားပြု ကော်မတီဝင်များနှင့် တွေ့ဆုံခဲ့ကာ အဖွဲ့ချုပ်ရပ်တည်ချက်အပါအဝင် မကြာခင် ဒေါ်အောင်ဆန်းစုကြည် ထွက်မည့်နယ်ခရီးစဉ်နှင့် လက်နက်ကိုင်တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားနေသည့် စစ်ပွဲများအကြောင်း ဆွေးနွေးခဲ့သည်ဟု NLD ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 210611) Read More..., VOA...
- ဇွန် ၂၀ ရက်နေ့က မြန်မာနိုင်ငံကို ရောက်ရှိနေသည့် EU ဥရောပသမဂ္ဂ နိုင်ငံခြားရေး မူဝါဒရေးရာ အကြီးအကဲ ကက်သရင်း အက်ရှ်တန် (Catherine Ashton) ၏ အထူးအကြံပေးပုဂ္ဂိုလ် ရောဘတ် ကူးပါး (Robert Cooper) နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ၏ အထူးကိုယ်စားလှယ် ပီယာရို ဖက်ဆီနီ (Piero Fassino) တို့သည် ဇွန် ၂၁ ရက်နေ့ ညနေပိုင်းတွင် ရွေးကောက်ပွဲဝင် ဒီမိုကရက်တစ်အင်အားစု နိုင်ငံရေးပါတီ ခေါင်းဆောင်အချို့နှင့်အတူ ကရင်လူမှုရေးအဖွဲ့ အစည်းတခုမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့သည်။ (DVB 210611) Read More...
- EU ဥရောပသမဂ္ဂသည် မြန်မာအစိုးရသစ်နှင့် ထိတွေ့ဆက်ဆံမှုများ လုပ်ချင်သည့်ဆန္ဒများရှိသော်လည်း မြန်မာအစိုးရဘက်က ပြုပြင်ပြောင်းလဲမှုများ ဖြစ်လာစေရန် လုပ်ပြရန် အဓိကလိုအပ်ကြောင်း မြန်မာနိုင်ငံကို ရောက်နေသည့် EU ဥရောပသမဂ္ဂ၏ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့မှ ရန်ကုန်မြို့ရှိ အီတလီသံရုံးတွင် ဇွန် ၂၂ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ (VOA 220611) Read More...
- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း (Ban Ki-moon) ကို အတွင်းရေးမှူးချုပ် ဒုတိယသက်တမ်းဆက်ပြီး တာဝန်ယူရန် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ဇွန် ၂၁ ရက်နေ့က ဆုံးဖြတ်ချက်ချခဲ့ကာ ဒုတိယသက်တမ်း ဆက်တာဝန်ယူရန် ခန့်အပ်ခံရသည့် အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် မြန်မာ့ဒီမိုကရေစီရေးအတွက် ကိုယ်စွမ်းရှိသလောက် ကူညီဆောင်ရွက်ရန်လိုအပ်ကြောင်း မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများက ရှုမြင်နေကြသည်။ (VOA 220611) Read More...

### (ခ) အစိုးရများ

- အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အက်စ် အမ်ခရစ်ရှနား (SM Krishna) သည် မြန်မာနိုင်ငံသို့ ဇွန် ၂၀ ရက်နေ့ ရောက်လာပြီး သမ္မတ ဦးသိန်းစိန်နှင့် နှစ်နိုင်ငံနယ်စပ် လုံခြုံရေး ကိစ္စ၊ စွမ်းအင်ကိစ္စများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း နိုင်ငံတကာ သတင်းများတွင် ရေးသားထားသည်။ (Irrawaddy 200611) Read More...
- မြန်မာနိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် မြန်မာအစိုးရသစ်က တိုင်းရင်းသားများ အပါအဝင် အတိုက်အခံအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးလာစေရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း (Mr. Ban Ki-moon) က ဦးစီးဆောင်ရွက်ပေးရန်အပြင် ကုလသမဂ္ဂ အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ခန့်ထားပေးရေးတို့ကို ဩစတြေးလျ နိုင်ငံ နယူးဆောက်သ်ဝေးစ် (New South Wales) လွှတ်တော်က တောင်းဆိုလိုက်သည်။ (VOA 210611) Read More...

- အိန္ဒိယ နိုင်ငံခြားရေး အတွင်းဝန် နီရူပါမာရောင်းနှင့် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ ဖွန် ၂၂ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင် တွေ့ဆုံဆွေးနွေးကြသည်ဟု ရန်ကုန်မှလာသော Indo-Asian News Service သတင်းတွင် ဖော်ပြထားသည်။ (Mizzima 220611) Read More..., VOA...
- မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်အတွင်းနှင့် အခြားဒေသများတွင် ဖြစ်ပေါ်နေသည့် အကြမ်းဖက် တိုက်ခိုက်မှုများအပေါ် အမေရိကန် ပြည်ထောင်စု အနေဖြင့် စိုးရိမ်ပူပန်ကြောင်းနှင့် ၎င်းတိုက်ခိုက်မှုများကို ရပ်တန့်ရန်အတွက် တောင်းဆိုကြောင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်လိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် အမျိုးသမီး ဗစ်တိုးရီးယား နူးလန်း (Victoria Nuland) က ပြောကြားလိုက်သည်။ (VOA 240611) Read More...
- လူသားမျိုးနွယ်များအပေါ် ကျူးလွန်သည့်ပြစ်များ မြန်မာနိုင်ငံတွင် ရှိမရှိ စုံစမ်းဖော်ထုတ်နိုင်မည့် နိုင်ငံတကာကော်မရှင် ပေါ်ပေါက်လာစေရန် အမေရိကန်က သံနှင့်ဌာန်ချဆောင်ရွက်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ဖွန် ၂၅ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန် အသိပေးလိုက်သည်။ (VOA 250611) Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- စစ်ပွဲကြောင့် ဒုက္ခရောက်နေကြသည့် ကချင်လူထုကို အကူအညီပေးရေးအတွက် တရုပ်ပြည်မှာ နေထိုင်သည့် ကချင်ရိုးရာကော်မတီအဖွဲ့ဝင်များ ဖွန် ၁၈ ရက်နေ့ ညပိုင်းက KIO ဌာနချုပ် လိုင်ဇာမြို့ကို ရောက်ရှိလာကြသည်။ (RFA 190611) Read More...
- ဖွန်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်ပြည့်မွေးနေ့ကို ဂျပန်လူမျိုးများက ဆုမွန်ကောင်းများ ပေးပို့လိုက်ကြပြီး ဒေါ်အောင်ဆန်းစုကြည်၏ စဉ်းစားပုံအတွေးအခေါ် အယူအဆများက အာရှတိုက်တွင် ကျယ်ပြန့်လာနေကြောင်း ဆိုဖီယာတက်ကသိုလ်မှ အရှေ့တောင်အာရှ သမိုင်းပါမောက္ခ ဒေါက်တာနေမိုးတိုးစံက ပြောကြားလိုက်သည်။ (DVB 190611) Read More...
- မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုများသည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အတွက် မကောင်းနိုင်ဟု မြန်မာနိုင်ငံကို ရောက်ရှိနေသည့် ဘီဘီစီကမ္ဘာ့သတင်း အယ်ဒီတာ ဂျွန်ဆင်ပဆင်က ဘီဘီစီ ရေဒီယို ဖိုးကို ပြောဆိုလိုက်သည်။ (BBC 210611) Read More...
- ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများထဲမှ အနိုင်ရ နိုင်ငံရေးပါတီ (၆) က ကိုယ်စားလှယ် အယောက် (၂၀) ကို ဂျပန်နိုင်ငံ ပါလီမန်ကို လေ့လာရန် ဂျပန်နိုင်ငံခြားရေးဌာနက အစီစဉ်မှုဖြင့် Japan East Asia Network of Exchange for Student And Youths Programme က ဖိတ်ကြားထားသည်။ (DVB 230611) Read More...
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို တောင်အာဖရိကနိုင်ငံ၏ နာမည်ကျော် ယိုဟန်းနက်စဘတ် တက္ကသိုလ်က ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ပေးအပ် ချီးမြှင့်လိုက်ကြောင်း ဖွန် ၂၃ ရက်နေ့က သတင်းထုတ်ပြန်လိုက်ခြင်းနှင့်ပတ်သက်၍ "တက္ကသိုလ်၏ ရပ်တည်ချက်များဖြစ်သည့် လူသားဂုဏ်သိက္ခာနှင့် မတူကွဲပြားမှုအပေါ် လေးစားတန်ဘိုးထားမှု၊ ပညာရေးလွတ်လပ်ခွင့်နှင့် ပွင့်လင်းမြင်သာမှုအပေါ် အားပေးမှုတို့ကို ကိုယ်စားပြုသူတစ်ဦးဖြစ်သည်" ဟု တက္ကသိုလ် လူမှုဗေဒဌာနမှူး ပါမောက္ခ Rory Ryan က ပြောကြားလိုက်သည်။ (RFA 240611) Read More...

***End of report/ Saturday, June 25, 2011***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***